# Burmese Democratic Futures Working Group

# University of Virginia

## ၂၀၂၄ ဇွန်လ အနှစ်ချုပ်

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်းတွင် စစ်ကောင်စီသည် စစ်ရေးရှုံးနိမ့်မှုများစွာကို ကြုံတွေ့ခဲ့ရပါသည်။

TNLA နှင့် မဟာမိတ် PDF တပ်ဖွဲ့များသည် ရှမ်းမြောက်နှင့် မန္တလေးတိုင်းတို့တွင် ၁၀၂၇ စစ်ဆင်ရေး (ဒုတိယလှိုင်း) ကို စတင်ခဲ့ပြီး ၃ ရက်အတွင်းမှာတင် နောင်ချိုတွင် တပ်စခန်းပေါင်း ၁၂ ခု၊ ကျောက်မဲတွင် တပ်စခန်း ၈ ခု၊ မိုးကုတ်တွင် ၆ ခု၊ စုစုပေါင်းတပ်စခန်း ၂၆ ခုသိမ်းပိုက်ခဲ့သည်။ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ နေရာအများစုကို သိမ်းပိုက်ခဲ့သည်။

ကချင်ပြည်နယ်တွင် KIA နှင့် မဟာမိတ်များက အင်းတော်ကြီး-ဖားကန့်လမ်းပေါ်ရှိ မဟာဗျူဟာ တပ်စခန်း ၃ ခုကို ဇွန်လ ၂၃ ရက်နေ့တွင် သိမ်းပိုက်ခဲ့သည်။ ဖားကန့်အနီး ဆယ်ဇင်းနှင့် တာမခန်ကို မတ်လနှင့် ဧပြီလက သိမ်းပိုက်ခဲ့ပြီး ဆယ်ဇင်း၊ တာမခန်၊ ဖားကန့်လမ်းအား ထိန်းချုပ်ခဲ့သည်။ အင်တော်ကြီး၊ ဖားကန့် လမ်းပေါ်ကို ထိန်းချုပ်လိုက်သည့်အတွက် ဖားကန့်ကို KIA က ထိန်းချုပ်ထားလိုက်ပြီဖြစ်သည်။

ရခိုင်ပြည်နယ်တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အဓိကခံတပ်ဖြစ်သော တောဟိန်းတောင် ဗျူဟာကုန်းကို အာရက္ခတပ်တော် AA က သိမ်းပိုက်ခဲ့သည့်အတွက် အမ်းမြို့အခြေစိုက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကို စစ်ကောင်စီလက်လွတ်ရန် ပိုမိုနီးကပ်သွားပြီဖြစ်သည်။ ထို့အတူ ပြီးခဲ့သည့်ဇွန်လအတွင်း သံတွဲလေဆိပ် (မဇင်လေဆိပ်)၊ သံတွဲမြို့မရဲစခန်းတို့ကိုသိမ်းပိုက်ပြီး သံတွဲမြို့နယ်ကို AA ထိန်းချုပ်လိုက်ပြီ ဖြစ်သည်။

ချင်းပြည်နယ်၏ ဒုတိယမြို့တော် မတူပီကို ချင်းညီနောင်တပ်ဖွဲ့များက ဇွန်လ ၂၉ ရက်နေ့က အပြီးသိမ်းပိုက်လိုက်ပြီဖြစ်တဲ့အတွက် ချင်းပြည်နယ်၏ ၈၀ ရာခိုင်နှုန်းနီးပါး တော်လှန်ရေးအင်အားစုတွေအောက် ကျရောက်သွားပြီဖြစ်သည်။

ကရင်ပြည်နယ်တွင် မြဝတီမြို့တောင်ဖက်ရှိ စုကလိတပ်စခန်းကို ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) နှင့် ပူးပေါင်းတပ်တွေက ဇွန်လ ၁၈ ရက်နေ့တွင် အပြီးပိုင် သိမ်းပိုက်ခဲ့ပြီး ကရင်နီပြည်နယ်တွင် ဘောလခဲမြို့နယ်အတွင်းမှ မဟာဗျူဟာအရအရေးပါသော မယ့်စလောင်းတောင်စခန်းကို ကရင်နီကာကွယ်ရေးတပ်ဖွဲ့များမှ ဇွန်လ ၂၅ ရက်နေ့တွင် သိမ်းပိုက်ခဲ့ပါသည်။

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်အတွင်းရှိ လေကြောင်းရန်ကာကွယ်ရေးတပ်၊ ပန်းသလဲတောင်စခန်း၊ ကျောက်ကြမ်းတောင်စခန်းနှင့် ရေစိုတောင်စခန်းများကို ဇွန်လ ၂၅ ရက်နေ့တွင် ပြည်သူ့ကာကွယ်ရေး တပ်မတော် (မန္တလေး) MDY- PDF က သိမ်းပိုက်ခဲ့သည်။ စစ်ကိုင်းတိုင်းတွင်လည်း မန္တလေး-မြစ်ကြီးနားလမ်းပိုင်း အင်းတော်မြို့နယ်ရှိ စစ်ကောင်စီတပ်၏ အဓိကစခန်းတခုကို ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့များက ဇွန်လ ၂၈ ရက်တွင် သိမ်းပိုက်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း စစ်ကောင်စီသည် တရုတ်နိုင်ငံနှင့်ထိတွေ့ဆက်ဆံမှုများခဲ့သည်။ ရှမ်းမြောက်ဒေသတွင် ၁၀၂၇ ဒုတိယလှိုင်းကိုဆင်နွှဲပြီး TNLA နှင့် PDF များ ရှမ်းမြောက်နှင့် မန္တလေးအတွင်းရှိ မြို့များ၊ စစ်ကောင်စီတပ်စခန်းများ သိမ်းပိုက်ခံနေရချိန်၊ ရခိုင်ပြည်နယ်တွင် တောင်ပိုင်းတောင်၊ သံတွဲမြို့နှင့် သံတွဲလေဆိပ်ကို AA က သိမ်းပိုက်ပြီးချိန်၊ ကချင်ပြည်နယ်တွင် ဖားကန့်ကို KIA ကို ထိန်းချုပ်လိုက်ပြီး စစ်ကောင်စီ ဘက်စုံရှုံးနိမ့်မှုများ ရင်ဆိုင်နေချိန်တွင် တရုတ်အထူးသံတမန် တိန့်ရှီးကျွင်း နေပြည်တော်သို့ ရောက်လာပြီး နယ်စပ်ဒေသလုံခြုံရေးကိစ္စ လာရောက်ဆွေးနွေးသည်မှာ ထူးခြားသည်။ ထို့အတူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက် ထုတ်ပြန်ခြင်း နှစ် ၇၀ ပြည့် အထိမ်းအမှတ် အခမ်းအနားတက်ရောက်ရန် တရုတ်အစိုးရမှ သမ္မတဟောင်းဦးသိန်းစိန်ကို ဖိတ်ကြားခြင်းသည်လည်း ထူးခြားသည်။ တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံပြည်တွင်းရေးတွင်သိသိသာသာပါဝင်လာရာ ၂၀၂၄ ပထမ ၆ လအတွင်းမှာလည်း တရုတ်၏ စစ်ကောင်စီနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုများပြားလာသည်ကို တွေ့ရသည်။

အမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံခြားရေးဝန်ကြီးဒေါ်ဇင်မာအောင်နှင့် ဩစတေးလျ နိုင်ငံခြားရေးဝန်ကြီးတို့နှင့်တွေ့ဆုံမှု၊ အရှေ့တီမောနိုင်ငံဝန်ကြီးချုပ်တို့နှင့်တွေ့ဆုံမှုများသည် ဒီမိုကရေစီအင်အားစုများအတွက် အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများ ဖြစ်ကြသည်။

၂၀၂၄ ခုနှစ် ဇွန်လအတွင်းတွင် မြန်ကျပ်ငွေဈေးများစွာဖောင်းပွခဲ့ပြီး အမေရိကန် ၁ ဒေါ်လာသည် မြန်မာငွေ ၄၄၀၀ ကျပ်ဖြစ်သွားခဲ့သည်။ ရွှေဈေးနှုန်းများလည်း အဆမတန်မြင့်တက်ခဲ့သည်။ ဆန်ဈေးနှုန်းများ အပါအဝင် အထွေထွေကုန်ဈေးနှုန်းများ ထပ်မံကြီးမြင့်ခဲ့ပြီး ထိုအခြေအနေကို ကိုင်တွယ်ရန် စစ်ကောင်စီမှ ဆန်လုပ်ငန်းရှင်များ၊ ရွှေလုပ်ငန်းရှင်များကို ဖမ်းဆီးခဲ့သည်။ ထိုသို့ပြုလုပ်သည့်အတွက် ကုန်ဈေးနှုန်းများ ကျဆင်းမသွားပဲ ပိုမိုဆိုးဝါးလာခဲ့သည်။

၂၀၂၄ ခုနှစ် ဇွန်လထဲတွင် စစ်ကောင်စီတပ်များသည် မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်းနှင့် ချင်းပြည်နယ်အတွင်းရှိ ရွာပေါင်း ၁၆ ရွာကိုမီးရှို့ဖျက်ဆီးခဲ့သည်။ ထိုအပြင် စစ်ကောင်စီသည် မြန်မာနိုင်ငံအနှံ့မှ အပြစ်မဲ့ပြည်သူပေါင်း ၆၃၁ ဦးကိုဖမ်းဆီးခဲ့ရာ ထိုအထဲတွင် လက်ကိုင်ဖုန်းထဲ VPN တွေ့ရှိသူများ၊ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ ပန်းပန်သူများ၊ ဆန်ကုန်သည်များ၊ ရွှေလုပ်ငန်းရှင်များ ပါဝင်သည်။

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း တိုက်ပွဲကြီးငယ်ပေါင်း ၁၉၃ ကြိမ်ဖြစ်ပွားကာ၊ စစ်ကောင်စီတပ်သား ၆၇၅ ဦးသေဆုံးခဲ့ပြီး၊ တော်လှန်ရေးအင်အားစုများဖက်မှ ၃၃ ဦးကျဆုံးခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်းတွင် စစ်ကောင်စီ၏ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှု၊ အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုတို့ အပါအဝင် စစ်ကောင်စီတပ်ဖွဲ့များ၏ လူမဆန်သောရက်စက်မှုများကြောင့် ကလေးငယ် ၁၆ ဦးအပါအဝင်၊ အရပ်သားပြည်သူ ၂၈၅ ဦးသေဆုံးခဲ့ရသည်။ ထိုကဲ့သို့သေဆုံးခဲ့ရသူများထဲတွင် ပဲခူးမြို့၊ ဝင်းနိမ္မိတ္တာရုံကျောင်းတိုက်ဆရာတော်ပါဝင်ပြီး ဆရာတော်ကြီးကို စစ်တပ်မှပစ်သတ်ခဲ့မှုအတွက် သံဃာများကြား စစ်ကောင်စီပေါ် မကျေနပ်မှုများစွာဖြစ်ပေါ်ခဲ့ကာ စစ်ကောင်စီကို သံဃာတော်များ၏ ပတ္တနိက္ကုဇ္ဇန ကံဆောင်သပိတ်များ ပေါ်ပေါက်လာခဲ့သည်။

# ၂၀၂၄ ခုနှစ် ဇွန်လအတွင်းဖြစ်ပေါ်တိုးတက်/ ပျက်စီး ဆုတ်ယုတ်မှုများ

## NUG နှင့် နိုင်ငံတကာအသိုက်အဝန်း

၁။ စစ်ဘေးရှောင်ပြည်သူများအား ပံ့ပိုးကူညီနိုင်ရေးနှင့်မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ထူထောင်ရေး အပါအဝင် လက်ရှိမြန်မာပြည် အခြေအနေများကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်နှင့် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ပန်နီဝေါင်းတို့ ဇွန် ၆ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

၂။ အရှေ့တီမောနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဝန်ကြီးအဖွဲ့တို့ ဇွန်လ ၂၀၊ ၂၁ နဲ့ ၂၄ ရက်နေ့တို့တွင် အရှေ့တီမောနိုင်ငံတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

## စစ်ကောင်စီနှင့် နိုင်ငံတကာ အသိုက်အဝန်း

### တရုတ်-စစ်ကောင်စီဆက်ဆံရေး

၁။ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (အထူးရန်ပုံငွေ စီမံကိန်း ၂၀၂၄) ကို တရုတ်နိုင်ငံနှင့် စစ်ကောင်စီတို့ ဇွန် ၁၄ ရက်တွင် ချုပ်ဆိုခဲ့ကြသည်။ လန်ချန်းမြစ်သည် တရုတ်နိုင်ငံမှ မြစ်ဖျားခံလာပြီး မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် နိုင်ငံများထဲသို့ မဲခေါင်မြစ်အဖြစ် စီးဆင်းသည်။ လန်ချန်း-မဲခေါင် နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုအတွက် လန်ချန်း-မဲခေါင် Cooperation (LMC) ကို ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံသည် LMC စီမံကိန်း ၁၁၈ ခုအတွက် တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၅ သန်း ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၂၀၂၀ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ တရုတ်နိုင်ငံနှင့် MLC ၏ ပူးတွဲဥက္ကဋ္ဌ ဖြစ်လာရန် မျှော်မှန်းထားသော်လည်း မြန်မာစစ်တပ် အာဏာသိမ်းပြီးနောက် တရုတ်က ရပ်ဆိုင်းခဲ့သည်။

၂။ တရုတ်အစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ တိန့်ရှီးကျွင်း သည် ဇွန် ၁၈ ရက်နေ့က နေပြည်တော်ရှိ စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် စစ်ကောင်စီရဲ့ နိုင်ငံခြားရေး ဝန်ကြီး သန်းဆွေနဲ့ တွေ့ဆုံခဲ့သည်။ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အများအပြားရှိနေသော ရခိုင်ပြည်နယ်တွင် AA ၏ စစ်ဆင်ရေးများ အရှိန်မြှင့်နေချိန် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တကျော့ပြန်စစ်ပွဲများ ဖြစ်ပေါ်လာချိန်တွင် မစ္စတာ တိန့်ရှီးကျွင်း လာရောက်တွေ့ဆုံခြင်းဖြစ်သည်။ တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုခိုင်မာမြှင့်တင်ရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး ပိုမို

မြှင့်တင်နိုင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေသော ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့် တင်ဆောင်ရွက်ရေး၊ ဒေသတွင်းနဲ့ နိုင်ငံတကာမျက်နှာစာ၊ အထူးသဖြင့် အာဆီယံနဲ့ ကုလသမဂ္ဂမှာ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း စစ်ကောင်စီမှ သတင်းထုတ်ပြန်သည်။

၃။ တရုတ်နိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်ဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက် ထုတ်ပြန်ခြင်း နှစ် ၇၀ ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ရန် သမ္မတဟောင်း ဦးသိန်းစိန်သည် ဇွန်လ ၂၇ ရက်နေ့တွင် တရုတ်နိုင်ငံသို့ သွားရောက်ပြီး၊ ဇွန်လ ၂၉ ရက်နေ့တွင် တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရို အဖွဲ့ဝင် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိနှင့် တွေ့ဆုံခဲ့သည်။ တရုတ်နိုင်ငံမှ စစ်ခေါင်းဆောင် မင်းအောင်လှိုင်ကို မဖိတ်ကြားပဲ သမ္မတဟောင်း ဦးသိန်းစိန်ကို ဖိတ်ကြားခြင်းမှာ ထူးခြားသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းပြီးချိန်မှစ၍ တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခြင်း မရှိသေးပါ။ သမ္မတဟောင်း ဦးသိန်းစိန်ကို တရုတ်သံအမတ်ကြီး မစ္စတာ ချမ်ဟိုင်းသည် ပြီးခဲ့သည့် ဧပြီလက သွားရောက်တွေ့ဆုံခဲ့သည်။ မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်ဟု တရုတ်သံရုံး Facebook စာမျက်နှာတွင် ဖော်ပြချက်အရ သိရသည်။

**စစ်ကောင်စီနှင့် အီရန်ဆက်ဆံရေး**

၁၉ ကြိမ်မြောက် အာရှ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ (ACD) ဝန်ကြီးအဆင့် အစည်းအဝေးတွင် ပါဝင်ရန် အီရန်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာသန်းဆွေသည် အီရန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး နှစ်နိုင်ငံ ဆက်ဆံရေး တိုးမြှင့်ရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် အီရန်သည် မြန်မာစစ်အစိုးရထံ လက်နက်များ ပေးအပ်နေသည်ဟု သတင်းများက ဖော်ပြသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် အီရန်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြောင်း Asia Times ၏ ဖော်ပြချက်အရ သိရသည်။ ဆီးရီးယားပြည်တွင်းစစ်အတွင်း တီဟီရန်ကျောထောက်နောက်ခံပြုအဖွဲ့များထံ လက်နက်များ သယ်ဆောင်လာသည်ဟု အမေရိကန်က ဒဏ်ခတ်ပိတ်ဆို့ထားသည့် အီရန်ကုန်တင်လေကြောင်းလိုင်း Qeshm Fars Air ပိုင်၊ ဘိုးရင်း 747 ကုန်တင်လေယာဉ်သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း နေပြည်တော်နှင့် ရန်ကုန်တို့တွင် သုံးကြိမ် ဆင်းသက်ခဲ့သည်။ အနောက်နိုင်ငံများ၏ ပိတ်ဆို့ အရေးယူမှုများကို တုံ့ပြန်သည့် အနေဖြင့် မြန်မာစစ်ဗိုလ်ချုပ်များသည် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ဘယ်လာရုစ်၊ အီရန်၊ မြောက်ကိုရီးယားတို့နှင့် သံတမန်ဆက်ဆံရေးများမြှင့်တင်ရန် ကြိုးစားလျက်ရှိသည်။

**စစ်ကောင်စီနှင့် အိန္ဒိယဆက်ဆံရေး**

အာရှ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ (ACD) သို့သွားသည့်ခရီးစဉ်တွင် စစ်ကောင်စီဝန်ကြီး ဦးသန်းဆွေသည် အိန္ဒိယနိုင်ငံသို့ဝင်ရောက်ခဲ့ပြီး အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်ဂျိုင်ရှန်ကာနှင့် နယူးဒေလီမြို့တွင် ဇွန်လ ၂၆ ရက်နေ့က တွေ့ဆုံခဲ့သည်။

**စစ်ကောင်စီနှင့် အမေရိကန်ဆက်ဆံရေး**

အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဒန်နီရယ်ဂျေခရစ်တန်ဘရင့်ခ်သည် မြန်မာစစ်ကောင်စီ ရေတပ်မှ အဆင့်မြင့်အရာရှိတဦးကို ဇွန်လ ၂၁ နှင့် ၂၂ ရက်နေ့၊ ဗီယက်နမ်တွင် တွေ့ဆုံခဲ့သည်။

**စစ်ကောင်စီနှင့် ထိုင်းဆက်ဆံရေး**

နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များအပါအဝင် မူးယစ်ဆေးဝါးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဆောင်ရွက်မည့် အခြေအနေများအား ထိုင်းဘုရင့်တပ်မတော်မှ Lt.Gen Prasan Saengsirirak နှင့် စစ်ကောင်စီဒုဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့ ဇွန် ၂၉ ရက်တွင် နေပြည်တော်တွင်တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ ထိုင်း-မြန်မာနယ်ခြား ကော်မတီအစည်းအဝေးတွင်လည်း ထိုင်း-မြန်မာ စစ်တပ်တို့ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်များနှင့် တရားမဝင် ကုန်သွယ်မှု လုပ်ငန်းများအကြောင်းတို့ကို ဆွေးနွေးသဘောတူလက်မှတ်ထိုးခဲ့ကြသည်ဟု စစ်ကောင်စီ၏မီဒီယာများတွင် ဖော်ပြသည်။

## စစ်ကောင်စီကျင်းပမည့် ရွေးကောက်ပွဲ

အောက်တိုဘာလအတွင်း သန်းခေါင်စာရင်း ကောက်ယူပြီးနောက်၊ 'လာမည့်နှစ် (၂၀၂၅) အတွင်း' ကျင်းပမည်ဟု စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်မှ ဇွန်လ ၁၅ ရက်နေ့တွင် ပြောသည်။ အာဏာသိမ်းခေါင်းဆောင်သည် ၃ နှစ်ကျော်ကာလအတွင်း ရွေးကောက်ပွဲကျင်းပမည့်အကြောင်းကို မကြာခဏပြောခဲ့သော်လည်း အချိန်ကာလသတ်မှတ်ချက်မရှိ မရေမရာပြောနေရာမှ ခုနှစ်အတိအကျ ပြောလာခြင်းဖြစ်သည်။ စစ်ခေါင်းဆောင်သည် အစောပိုင်းတွင် ရွေးကောက်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပမည်ဟု ပြောဆိုခဲ့ပြီး၊ နယ်မြေအမြောက်အများကို ဒီမိုကရက်တစ်တော်လှန်ရေးအဖွဲ့များထံသို့ လက်လွှတ်ဆုံးရှုံးခဲ့ရပြီး နောက်ပိုင်းတွင် တစ်နိုင်ငံလုံးမဟုတ်ပဲ အပိုင်းလိုက်ကျင်းပမည်ဟု လေသံပြောင်းပြောဆိုခဲ့သည်။ စစ်ခေါင်း

ဆောင်၏ ဇွန်လ ၁၅ ရက်ပြောကြားချက်တွင် မည်သည့်အပိုင်းဒေသများတွင် မည်သည့်ပုံစံဖြင့် ကျင်းပမည်ကို ပြောဆိုခြင်းမရှိပါ။

## ဇွန်လအတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၂၈၅ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် သံဃာ ၁၀ ပါး၊ ကလေး ၁၆ ဦး၊ အမျိုးသမီး ၂၁ ဦး၊ ရိုဟင်ဂျာ ၂၀ ဦး ပါဝင်ပါသည်။

မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၃၀၆ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

ချင်းပြည်နယ်၊ တီးတိန်မြို့၊ လွယ်ဘွာလ်ရပ်ကွက်တွင် စစ်ကောင်စီတပ်မှ ဇွန်လ ၂ ရက်နေ့တွင် မီးရှို့သဖြင့် နေအိမ် ၄၁ လုံး မီးလောင်ပျက်စီးခဲ့ပြီး၊ ဟားခါးမြို့တွင် ဇွန်လ ၂၄ ရက်က နေအိမ် ၁၀ လုံး မီးလောင်ပျက်စီးခဲ့ ပါသည်။

မကွေးတိုင်း၊ နတ်မောက်မြို့နယ် ဖက်တောရေရွာကို ဇွန်လ ၁၃ ရက်နေ့မှာ စစ်ကောင်စီတပ်သားတွေ မီးရှို့ခဲ့ တာကြောင့် နေအိမ် ၄၀ မီးလောင်ပျက်စီးခဲ့ပါသည်။

မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ် ကုကုန်းရွာကို ဇွန်လ ၁၀ ရက် မနက်ပိုင်းမှာ စစ်ကောင်စီတပ်က စီးနင်း မီးရှို့ခဲ့လို့ နေအိမ် ၆၃ လုံး မီးလောင်ပျက်စီးခဲ့ပြီး၊ ပဲခင်းကြီးရွာကို ဇွန်လ ၁၃ ရက်နေ့မှာ စစ်ကောင်စီတပ်က ဝင်ရောက်စီးနင်းပြီး မီးရှို့ခဲ့တာကြောင့် နေအိမ် ၇၀ မီးလောင်ပျက်စီးခဲ့ပြီး စဥ့်ကူးမြို့နယ်၊ တရော်ပင် ကျေးရွာကို စစ်ကောင်စီတပ်မှ ဇွန်လ ၁၅ ရက်နေ့တွင် မီးရှို့ခဲ့သောကြောင့် နေအိမ် ၃၅ လုံး မီးလောင် ပျက်စီးခဲ့ပါသည်။

စစ်ကိုင်းတိုင်း၊ မုံရွာမြို့အဝင်ရှိ မအူဂိတ်မှ အင်အား ၅၀ ခန့်ရှိ စစ်ကောင်စီတပ်ဖွဲ့သည် ဇွန်လ ၁၀ ရက်တွင် စစ်ကြောင်းထိုး၍ ထနောင်းတောမြောက်ရွာမှ နေအိမ်၂ လုံးကို မီးရှို့ဖျက်ဆီးခဲ့ပြီး၊ မုံရွာမြို့နယ် လယ်ဇင် ကျေးရွာကို ဇွန်လ ၂၀ ရက်နေ့တွင် စစ်ကောင်စီ တပ်သားတွေ ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့သောကြောင့် နေအိမ် ၃ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။ စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်ထဲကို ဇွန် ၁၂ ရက် မနက်ပိုင်းက စစ်ကောင် စီကား ၄ စီး ရောက်လာပြီး နေအိမ် ၁၂ လုံး ကို မီးရှို့ခဲ့ပါသည်။

တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်၊ မျောက်ချောကျေးရွာကို ဇွန်လ ၁၉ ရက်နေ့တွင် လေကြောင်း၊ လက်နက်ကြီးဖြင့် ဗုံးကျဲပစ်ခတ် မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်အလုံး ၃၀ မီးလောင်ပျက်စီးခဲ့ပါသည်။

## ဇွန်လအတွင်း အရပ်သားပြည်သူ ဖမ်းဆီးခံရမှုများ

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်းတွင် စစ်ကောင်စီသည် မြန်မာနိုင်ငံအနှံ့မှ အပြစ်မဲ့ပြည်သူပေါင်း ၆၃၁ ဦးကို ဖမ်းဆီးခဲ့ရာ ထိုအထဲတွင် လက်ကိုင်ဖုန်းထဲ VPN တွေ့ရှိသူများ၊ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ ပန်းပန်သူများ၊ ဆန်ကုန်သည်များ၊ ရွှေလုပ်ငန်းရှင်များပါဝင်သည်။

### VPN တွေ့၍ ဖမ်းဆီးခြင်း

စစ်ကောင်စီသည် သတင်းအချက်စီးဆင်းမှုကိုထိန်းချုပ်ရန် လက်ကိုင်ဖုန်းများထဲတွင် VPN တွေ့ရှိပါက ဖမ်းဆီးပါသည်။ မေလ ၃၀ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံတွင် Facebook အသုံးပြုမှုကို ပိတ်ပင်နိုင်ရေးအတွက် VPN များ အားလုံးကို Secure Web Gateway (SWG) များဖွင့်၍ စတင်ပိတ်ပင်လိုက်သည်။ ထို့အပြင် ရန်ကုန်အပါအဝင် မြို့ကြီးအချို့တွင် လက်ကိုင်ဖုန်းအတွင်း Virtual Private Network (VPN) အက်ပလီကေးရှင်း ထည့်သွင်းထားသူများကို တွေ့ရှိပါက စစ်ကောင်စီတပ်က ငွေကြေးခြိမ်းခြောက်တောင်းယူမှုနှင့် ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ပါသည်။

### ပန်းပန်သောကြောင့် ဖမ်းဆီးခြင်း

နောက်ထပ် ဇွန်လအတွင်း စစ်ကောင်စီ၏ ထူးခြားသောဖိနှိပ်မှုမှာ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ ပန်းပန်သူများကို ဖမ်းဆီးခြင်းဖြစ်သည်။ဒေါ်အောင်ဆန်းစုကြည်မွေးနေ့တွင် ပန်းပန်ကာ ပန်းသပိတ်လုပ်သည်ဟု စွတ်စွဲချက်ဖြင့် လူ ၂၀ ကျော် ဖမ်းဆီးခံခဲ့ရသည်။

### ဆန်ကုန်သည်များအား ဖမ်းဆီးခြင်း

ဆန်စျေး အဆမတန်မြင့်တက်သည်ဟုဆိုကာ စစ်ကောင်စီသည် ဇွန်လ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်နဲ့ ဘုရင့်နောင်ဆန်ကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးလူမော်မြင့်မောင်တို့အပါအဝင် ဆန်စပါးလုပ်ငန်းရှင် ၁၀ ဦးကို ဖမ်းဆီးစစ်ဆေးခဲ့သည်။ ထို့အတူ ဆန်စပါး လုပ်ငန်းရှင် ၅၈ ဦး

ကို ဖမ်းဆီးစစ်ဆေးခဲ့ပြီး ထိုအထဲမှ ၂၄ ဦးကို ဒဏ်ရိုက်ကာ ဂျပန်နိုင်ငံသားတစ်ဦး အပါအဝင် ဆန်လုပ်ငန်းရှင် ၁၁ ဦးကို ဖမ်းဆီးထားခဲ့သည်ဟု စစ်ကောင်စီမှ ဇွန်လ ၃၀ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့သည်။

**ရွှေလုပ်ငန်းရှင်များနှင့် နိုင်ငံခြားငွေ ရောင်းချသူများကို ဖမ်းဆီးခြင်း**

ဇွန်လအတွင်းစစ်ကောင်စီ၏ နောက်ထပ် နိုင်ငံရေးနှင့်မဆိုင်သော အခြားထူးထူးခြားခြားဖမ်းဆီးမှုမှာ ရွှေကုန်သည်များ၊ ထိုင်းကွန်ဒိုတိုက်ခန်းရောင်းချသူ၊ ဝယ်ယူသူများ၊ နိုင်ငံခြားငွေရောင်းချသူများကို ဖမ်းဆီးခြင်း ဖြစ်သည်။

စစ်ကောင်စီမှ ရွှေဈေး တဟုန်ထိုးတက်လာချိန်တွင် ရွှေကုန်သည် ၂၁ ဦးကို ဖမ်းဆီးခဲ့ပါသည်။ ရွှေဈေးသည် စံချိန်တင် ဈေးနှုန်းအဖြစ် အခေါက်ရွှေတကျပ်သားကို ငွေကျပ် ၅၈ သိန်းကျော်အထိ ရှိခဲ့သည်။

ထိုင်းနိုင်ငံရှိ ကွန်ဒိုတိုက်ခန်းများ ရောင်းချသူနှင့် ဝယ်ယူသူများကို နိုင်ငံခြားငွေ ကမောက်ကမ ဖြစ်စေရန် ရည်ရွယ်သည်ဟုဆိုကာ စစ်ကောင်စီက ဖမ်းဆီးအရေးယူခဲ့ပါသည်။ ထိုင်းနိုင်ငံတွင် ဘဏ်အကောင့် ဖွင့်လှစ်ကာ ကွန်ဒိုတိုက်ခန်းဝယ်ယူထားသူ ၃ ဦးကို ဖမ်းဆီးခဲ့ပါသည်။

နိုင်ငံခြားငွေကစားသည်ဟုဆိုကာ နိုင်ငံခြား ငွေရောင်းချသူ ၃၉ ဦးကို မေလ ၂၄ ရက်မှ ဇွန် ၄ ရက်အတွင်း စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။

ထိုကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များကိုဖမ်းဆီးမှုသည်စစ်ကောင်စီ၏ ဆိုးဝါးလှသောစီးပွားရေးစီမံခန့်ခွဲမှုကိုဖော်ပြနေပြီး၊ ထိုကဲ့သိုဖမ်းဆီးမှုများကြောင့် ကုန်ဈေးနှုန်းများပိုမိုဈေးတက်သွားခဲ့ပြီး ငွေကြေးဖောင်းပွမှု ပိုမိုမြင့်မားခဲ့သည်။

## ဇွန်လအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်းတွင် ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၁၉၃ ကြိမ် ဖြစ်ပွားခဲ့ပြီး စစ်ကိုင်းတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၃၇ ကြိမ် ဖြစ်ပွားခဲ့သည်။ ချင်းပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၂၈ ကြိမ် ဖြစ်ပွားခဲ့သည်။ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ၂၄ နှင့် ၂၂ ကြိမ် ဖြစ်ပွားခဲ့သည်။ အာရက္ခတပ်တော်၏ မြို့သိမ်း၊ စခန်းသိမ်း တိုက်ပွဲများ ဖော်ဆောင်လျက်ရှိသော ရခိုင်ပြည်နယ်တွင် တိုက်ပွဲပေါင်း ၁၇ ကြိမ်ဖြစ်ပွားခဲ့ပြီး၊ KIA ထိုးစစ်ဆင်နွှဲနေသော ကချင်ပြည်နယ်တွင် တိုက်ပွဲအရေအတွက် ၁၅ ကြိမ်၊ ၁၀၂၇ စစ်ဆင်ရေး ဒုတိယလှိုင်း ပြန်လည်စတင်သော ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုက်ပွဲအရေအတွက် ၆ ကြိမ် ဖြစ်ပွားခဲ့သည်။ ကရင်ပြည်နယ်နှင့် ကရင်နီပြည်နယ်တွင် တိုက်ပွဲ ၄ ကြိမ်စီ ဖြစ်ပွားခဲ့သည်။ တနင်္သာရီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် တိုက်ပွဲ ၁၆ ကြိမ်စီ ဖြစ်ပွားခဲ့ပြီး၊ မွန်ပြည်နယ်တွင် တိုက်ပွဲ ၃ ကြိမ်၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁ ကြိမ် ဖြစ်ပွားခဲ့သည်။ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝ မရှိပါ။

ဇွန်လအတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၆၇၅ ဦးသေဆုံးခဲ့သည်။ စစ်ကောင်စီတပ်သား သေဆုံးမှု အများဆုံးမှာ ရခိုင်ပြည်နယ်ဖြစ်ပြီး စစ်ကောင်စီတပ်သား ၂၀၀ သေဆုံးခဲ့သည်။ မကွေးတိုင်းတွင် စစ်ကောင်စီတပ်သား ၁၁၁ ဦးသေဆုံးခဲ့ပြီး စစ်ကိုင်းတိုင်းတွင် စစ်ကောင်စီတပ်သား ၁၀၇ ဦးသေဆုံးခဲ့သည်။

ဇွန်လအတွင်းတွင် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့ဝင် ၃၃ ဦး ကျဆုံးခဲ့သည်။

### စခန်းသိမ်း၊ မြို့သိမ်း တိုက်ပွဲများ

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း ဖြစ်ပွားခဲ့သော စခန်းသိမ်း၊ မြို့သိမ်း တိုက်ပွဲများမှာ အောက်ပါအတိုင်း ဖြစ်သည်။

## ချင်းပြည်နယ်

- အနောက်မြောက်တိုင်း စစ်ဌာနချုပ်အောက်ရှိ စစ်ဗျူဟာ အခြေစိုက်ရာ မတူပီမြို့ကို တော်လှန်ရေး တပ်ဖွဲ့များက “Operation CB” ဟု အမည်ပေးထားသည့် ချင်းညီနောင်စစ်ဆင်ရေးဖြင့် ဇွန်လ ၉ ရက် နံနက်ပိုင်းကစ၍ ၅ ရက်မြောက်နေ့တွင် ထိုးစစ်ဆင်ရာ ရဲစခန်းနှင့် ထွေအုပ်ရုံး၊ ခမရ ၃၀၄ တပ်ရင်း တို့ကို သိမ်းပိုက်ရရှိ ခဲ့ပါသည်။

- ချင်းပြည်နယ်၏ ဒုတိယမြို့တော်ဖြစ်သည့် မတူပီမြို့ကို ချင်းညီနောင်နှင့် ပူးပေါင်းတပ်က ဇွန် ၂၉ တွင် ချင်းညီနောင်အဖွဲ့က အပြီးသတ် သိမ်းပိုက်လိုက်ပါသည်။

## ကချင်ပြည်နယ်

- ကချင်ပြည်နယ်၊ ဖားကန့်-အင်းတော်ကြီးဒေသမှ ငှေလုံစခန်း၊ ညောင်ပင်စခန်း၊ချောင်း၀ စခန်းများကို KIA ပူးပေါင်းတပ်က ဇွန်လ ၂၂ ရက် မနက်အစောမှာ စတင်ထိုးစစ်ဆင်ခဲ့ရာ ဇွန်လ ၂၃ ရက်ညပိုင်း ငှေလုံနဲ့ ညောင်ပင်စခန်းများကို သိမ်းပိုက်နိုင်ခဲ့ပြီး နောက်ဆုံးကျန်နေတဲ့ ချောင်း၀စခန်းကို ၂၄ ရက်နေ့ မနက်ပိုင်းမှာ သိမ်းပိုက်နိုင်ခဲ့ပါသည်။

## ကရင်နီပြည်နယ်

- ကရင်နီပြည်နယ်၊ ဘော်လခဲမြို့နယ်တွင် အရေးပါသည့် မယ့်စလောင်းတောင် စခန်းကုန်းကို ဇွန်လ ၂၅ ရက်နေ့တွင် ကရင်နီတော်လှန်ရေး ပူးပေါင်းတပ်မှ သိမ်းပိုက်နိုင်ခဲ့ပါသည်။

## ကရင်ပြည်နယ်

- ကရင်ပြည်နယ်၊ မြ၀တီတောင်ဘက်မှာ တည်ရှိနေတဲ့ စုကလိစစ်ကောင်စီတပ်စခန်းကို ဇွန်လ ၁၈ ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) တပ်မဟာ(၆)က ဦးစီးတဲ့ ပူးပေါင်းတပ်တွေက အပြီးပိုင် သိမ်းပိုက်ရရှိခဲ့ပါတယ်။

**မကွေးတိုင်း**

- မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ဖလံအိုအုပ်စု၊ ရှင်မကန်ပျူစခန်းကို ဇွန်လ ၂၅ ရက်နေ့တွင် ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်သား၊ ပျူ ၁၀ ဦး သေဆုံးကာ တစ်ဦးအရှင်ဖမ်းမိပြီး သေနတ် ၆ လက်နှင့် ခဲယမ်းများ သိမ်းဆည်း ရရှိခဲ့ပါသည်။

**မန္တလေးတိုင်း**

- မန္တလေးတိုင်း၊ မတ္တရာမြို့နယ်အတွင်းရှိ စစ်ကောင်စီတပ် အထိုင်စခန်းများဖြစ်သည့် ပန်းသလဲတောင်စခန်း၊ ကျောက်ကြမ်းတောင်စခန်းနှင့် ရေစိုတောင်စခန်းများကို ဇွန်လ ၂၅ ရက်နေ့တွင် ပြည်သူ့ကာကွယ်ရေး တပ်မတော် (မန္တလေး) MDY- PDF က သိမ်းပိုက်ရရှိထားပါသည်။

**ရခိုင်ပြည်နယ်**

- ရခိုင်ပြည်နယ်၊ အင်းဒင်ရွာအခြေစိုက် နခခ (၆)၊ မောင်တောမြို့နယ် နခခ (၄)၊ နခခ (၂) မြင်းလွှတ်မြို့နယ်ခွဲ အခြေစိုက် နခခ (၉)၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်စခန်းတစ်ခု၊ သံတွဲမြို့နယ်၊ သံတွဲလေဆိပ် (မဇင်လေဆိပ်)၊ တောဟိန်းတောင် ဗျူဟာကုန်းနှင့် သံတွဲမြို့မရဲစခန်းကို အာရက္ခတပ်တော် (AA) က ဇွန်လ ၂၃ ရက်နှင့် ၂၄ ရက်နေ့တို့တွင် သိမ်းပိုက်ထိန်းချုပ်လိုက်ပါသည်။

**စစ်ကိုင်းတိုင်း**

- မန္တလေး-မြစ်ကြီးနားလမ်းပိုင်း အင်းတော်မြို့နယ်ရှိ စစ်ကောင်စီတပ်၏ အဓိကစခန်းတခုကို ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့များက ဇွန်လ ၂၈ ရက်တွင် တိုက်ခိုက်သိမ်းပိုက်လိုက်ပါသည်။

**ရှမ်းပြည်နယ်မြောက်ပိုင်း**

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နှင့် ခမရ (၁၁၅)၊ အမတ (၆၀၆)၊ ကျောက်မဲမြို့ထိပ်ရှိ အမြောက်တပ်နှင့် ပြည်သူ့ဆေးရုံ၊ နောင်ချိုမြို့ပေါ်ရှိ ဌာနဆိုင်ရာအချို့ကို TNLAနှင့် ပူးပေါင်းတပ်ဖွဲ့တို့ ဇွန်လ ၂၅ ရက်တွင် တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ပါသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပြန်လည်စတင်ခဲ့သည့် ၁၀၂၇ စစ်ဆင်ရေးရေး ဒုတိယလှိုင်း ၂ ရက်အတွင်း အကြမ်းဖက် စစ်တပ်စခန်း ၂၄ ခု သိမ်းပိုက်ရရှိပြီး စစ်သား ၂၀ သေဆုံးကာ စစ်သား ၁၇ ဦး အရှင် ဖမ်းမိခဲ့ကြောင်း TNLA သတင်းနှင့် ပြန်ကြားရေးဌာနထံမှ သိရသည်။

**တနင်္သာရီတိုင်း**

- တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်ရှိ နှစ်ပေါင်း ၃၀ နီးပါးရှိ အောင်သာဝရ စစ်ကောင်စီအထိုင်ချတပ်စခန်းကို ဇွန်လ ၁၄ ရက်တွင် တပ်မဟာ (၄) ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ပူးပေါင်းတပ်များ က တိုက်ခိုက်သိမ်းပိုက်ခဲ့ပါသည်။

**အခြားထိတွေ့ တိုက်ပွဲများ**

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း ဖြစ်ပွားခဲ့သော စခန်းသိမ်း၊ မြို့သိမ်း တိုက်ပွဲမဟုတ်သည့် အခြားမှတ်သားဖွယ် တိုက်ပွဲများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ပဲခူးတိုင်း**

- ပဲခူးတိုင်း၊ ကျောက်တံခါးမြို့ရှိ စစ်ကောင်စီဂိတ်နှစ်ခုကို ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA)နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF) ပူးပေါင်းတပ်တို့ ဇွန်လ ၂၅ ရက်နေ့တွင် တိုက်ခိုက်ခဲ့ရာ ၁၆ ဦးသေဆုံးခဲ့ပါသည်။

## ချင်းပြည်နယ်

- ချင်းပြည်နယ်မြောက်ပိုင်း၊ တီးတိန်မြို့နယ် ၊ သိုင်းငင်းရွာတွင် စစ်ကောင်စီတပ်နှင့် ချင်းပြည်ကောင်စီ (CC) တပ်ဖွဲ့ဝင်များအကြား ဇွန်လ ၂၆ ရက်ထိ တိုက်ပွဲများ ဆက်လက်ပြင်းထန်ခဲ့သည်။ နောက်ဆက်တွဲ သတင်းများ ဆက်လက်မရရှိသေးပါ။

## မကွေးတိုင်း

- မကွေးတိုင်း၊ ငဖဲမြို့နယ်အတွင်းရှိ ကင်းစခန်းတခုကို ဇွန်လ ၂၁ ရက်တွင်အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၂၀ ဦး သေဆုံးခဲ့ပါသည်။

- မကွေးတိုင်း၊ မြို့သစ်မြို့နယ် ငါးခူအိုင်ကျေးရွာနှင့် ဇီးလုံးဘော့ကျေးရွာကြား သစ်တောဦးစီးဌာနရုံးအနီးတွင် လေယာဉ်ဆီ လာရောက်ပို့ဆောင်သည့် ယာဉ်တန်းကို ဇွန်လ ၂၅ ရက်နေ့တွင် မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်သား ၁၃ ဦးသေဆုံးပြီး ကား ၂ စီး တိမ်းမှောက် ပျက်စီးခဲ့ကြောင်း တိုက်ဒေါင်းပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ထံမှ သိရသည်။

- မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ဆင်ချောင်းကျေးရွာမှာ အထိုင်ချထားတဲ့ ပျူစောထီးစခန်းကို ဇွန်လ ၂၅ ရက်တွင် တိုက်ခိုက်ခဲ့တဲ့အတွက် ပျူစောထီး ၅ ဦး သေဆုံးပြီး ၇ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။

## မန္တလေးတိုင်း

- မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ လေးရွာဆုံကျေးရွာ ဘုန်းကြီးကျောင်း၌ တပ်စွဲထားသော စစ်သားများကို ဇွန်လ ၂၅ ရက်တွင် ဒရုန်းဖြင့် ဗုံးကျဲတိုက်ခိုက်ခဲ့ရာ စစ်ဗိုလ်တစ်ဦးအပါအဝင် ၂ ဦးသေဆုံးခဲ့ကြောင်း မြင်းခြံခရိုင် အမှတ် ၈ တပ်ရင်း - NRDF ထံမှ သိရသည်။

- တအာင်းတပ် (TNLA ) ရဲ့ တပ်မဟာ ၂ စစ်ဒေသဖြစ်တဲ့ မန္တလေးတိုင်း၊ မိုးကုတ်မြို့တဝိုက်မှာ ဇွန်လ ၂၅ ရက်နေ့တွင် စစ်ကောင်စီတပ်နဲ့ တအာင်းတပ် (TNLA) တို့ကြား နှစ်ဘက်တိုက်ပွဲ ပြင်းထန် နေပါသည်။

- မန္တလေး-မတ္တရာ-မိုးကုတ် လမ်းပိုင်းတနေရာတွင် စစ်ကောင်စီတပ်ဖွဲ့ဝင် လေးဦးကို လက်နက်များနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ပြင်ဦးလွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ဇွန်လ ၂၇ ရက်နေ့ ရက်စွဲဖြင့် တရားဝင် ထုတ်ပြန်သည်။

**စစ်ကိုင်းတိုင်း**

- စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်မြောက်ပိုင်းတွင် ဇွန်လ ၂၂ ရက်က စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ ရဲဘော် နှစ်ဦး ကျဆုံးခဲ့ပါသည်။

- စစ်ကိုင်းတိုင်းအထက်ပိုင်း၊ အင်းတော်မြို့နဲ့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်တို့မှာ စစ်ကောင်စီတပ်စခန်းတွေကို ဇွန်လ ၂၃ ရက်တွင် KIA နဲ့ ပူးပေါင်းတပ်တွေက တိုက်ခိုက်နေပါသည်။

- စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ မုံရွာ-ချောင်းဦးလမ်းမပေါ်တွင် ကင်းပုန်းဝပ်ရန်လာသော စစ်သားနှစ်ဦးကို ဇွန်လ ၂၄ ရက်က မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ သေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့ပေါ်ရှိ စစ်ကောင်စီ တပ်စွဲထားသောနေရာများကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များက ဇွန်လ ၂၄ ရက်တွင် တစ်ပြိုင်နက် ဝင်ရောက်တိုက်ခိုက်ရာ စစ်သား ၂၀ ထက်မနည်း သေဆုံးခဲ့ပါသည်။

**ရှမ်း (မြောက်)**

- နှစ်ဖက်စစ်ရေးပြင်နေသည့် ရှမ်းမြောက်ဒေသ လားရှိုးမြို့နယ်၌ စစ်တပ်နှင့် မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) တို့ ဇွန်လ ၂၉ ရက်တွင် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။

**ရှမ်း (တောင်)**

- ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့နယ်၊ သဘက်ကျေးရွာအုပ်စု၊ နောင်စကာကျေးရွာအနီးတွင် စစ်ကောင်စီက စစ်ကြောင်းထိုးလာသဖြင့် ဇွန်လ ၂၁ တွင် တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။

**တနင်္သာရီတိုင်း**

- တနင်္သာရီတိုင်း၊ ကော့သောင်းမြို့ခရိုင်၊ ခမောက်ကြီးမြို့နယ်၊ မာရမ်းကျေးရွာရှိ စစ်တပ် လက်အောက်ခံ ရဲစခန်းကို ဇွန်လ ၂၂ ရက်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရဲ ၁ ဦးသေဆုံးပြီး PDF ရဲဘော်တစ်ဦး ကျဆုံးခဲ့ပါသည်။

**ဇွန်လ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ ရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**

| Data of Myanmar Conflict June 2024 Total | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | 17 | | |
| **BAGO** | 16 | 64 | 5 | | 6 | 1 | | |
| **CHIN** | 28 | 11 | | | 4 | 5 | 1 | 51 |
| **KACHIN** | 15 | 12 | | 1 | 6 | | | |
| **KARENNI** | 4 | | | | | | | |
| **KAYIN** | 4 | 22 | | | | | | |
| **MAGWAY** | 24 | 111 | 11 | 2 | 21 | 101 | 3 | 40 |
| **MANDALAY** | 22 | 55 | | 1 | 33 | 37 | 9 | 168 |
| **MON** | 3 | 1 | 2 | | 2 | 13 | | |
| **RAKHINE** | 17 | 200 | 2 | 4 | 82 | 282 | | |
| **SAGAING** | 37 | 107 | 11 | 3 | 81 | 103 | 2 | 17 |
| **SHAN (North)** | 6 | 30 | 1 | | 22 | | | |
| **SHAN (South)** | 1 | | | | 4 | 59 | | |
| **TANINTHARYI** | 16 | 62 | 1 | 5 | 8 | | 1 | 30 |
| **YANGON** | | | | | | 13 | | |
| **TOTAL** | **193** | **675** | **33** | **16** | **269** | **631** | **16** | **306** |

**ကိုးကား - Myanmar Now, The Irrawaddy, PVTV, DVB, BBC, RFA, Mizzima, Xinhua, The Strait Times, Ayeyarwaddy Times, Myanmar Pressphoto Agency, D Day News, The Eleven Media, Channel News Asia**

## Map of Myanmar Conflict ( June 2024 Total )

